## တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ အသိပေးကြေညာခြင်း

၁။ တက္ကသိုလ်ဝင်စာမေးပွဲကျရှုံးသူများနှင့် အကြောင်းအမျိုးမျိုးကြောင့် ဝင်ရောက်ဖြေဆိုခြင်း မရှိသော ကျောင်းသား၊ ကျောင်းသူများအတွက် စနစ်ဟောင်း၊ သင်ရိုးဟောင်း တက္ကသိုလ်ဝင် စာမေးပွဲကို နောက်ဆုံးအကြိမ်အဖြစ် ၂၀၂၃ ခုနှစ်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း ၂၇-၈-၂၀၂၂ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာပါ မြန်မာနိုင်ငံစာစစ်ဦးစီးဌာန၏ ထုတ်ပြန်ချက်အား ပူးတွဲ ဖော်ပြအသိပေးအပ်ပါသည်။

၂။ အဆိုပါ သင်ရိုးဟောင်း ဒသမတန်း (Grade-11)၊ တက္ကသိုလ်ဝင်စာမေးပွဲသို့ ဝင်ရောက် ဖြေဆိုမည့်သူများအနေဖြင့် အောက်ဖော်ပြပါ စိတ်ကြိုက်ဘာသာတွဲမှ မိမိရွေးချယ်ထားသည့် စိတ်ကြိုက်ဘာသာတွဲကို ဖော်ပြရပါမည်-

| ဘာသာတွဲ | မယူမနေရဘာသာရပ်များ | စိတ်ကြိုက်ဘာသာတွဲများ |
|---|---|---|
| (က) | မြန်မာစာ၊အင်္ဂလိပ်စာ၊သင်္ချာ | ဘောဂဗေဒ၊ ရူပဗေဒ၊ ဓာတုဗေဒ |
| (ခ) | မြန်မာစာ၊အင်္ဂလိပ်စာ၊သင်္ချာ | ဘောဂဗေဒ၊ ပထဝီဝင်၊ သမိုင်း |
| (ဂ) | မြန်မာစာ၊အင်္ဂလိပ်စာ၊သင်္ချာ | စိတ်ကြိုက်မြန်မာစာ၊ ပထဝီဝင်၊ သမိုင်း |
| (ဃ) | မြန်မာစာ၊အင်္ဂလိပ်စာ၊သင်္ချာ | စိတ်ကြိုက်မြန်မာစာ၊ဘောဂဗေဒ၊သမိုင်း |
| (င) | မြန်မာစာ၊အင်္ဂလိပ်စာ၊သင်္ချာ | သမိုင်း၊ရူပဗေဒ၊ဓာတုဗေဒ |
| (စ) | မြန်မာစာ၊အင်္ဂလိပ်စာ၊သင်္ချာ | စိတ်ကြိုက်မြန်မာစာ၊ရူပဗေဒ၊ဓာတုဗေဒ |
| (ဆ) | မြန်မာစာ၊အင်္ဂလိပ်စာ၊သင်္ချာ | ဇီဝဗေဒ၊ရူပဗေဒ၊ဓာတုဗေဒ |
| (ဈ) | မြန်မာစာ၊အင်္ဂလိပ်စာ၊သင်္ချာ | ပထဝီဝင်၊ရူပဗေဒ၊ဓာတုဗေဒ |

၃။ အမေရိကန်ပြည်ထောင်စုတွင် ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသား ကျောင်းသား၊ ကျောင်းသူများအနေဖြင့် သင်ရိုးဟောင်း ဒသမတန်း (Grade-11)၊ တက္ကသိုလ်ဝင်စာမေးပွဲသို့ မြန်မာသံရုံး၊ ဝါရှင်တန်မြို့ စာစစ်ဌာနမှ ဝင်ရောက်ဖြေဆိုလိုပါက အောက်ဖော်ပြပါ စာရွက် စာတမ်းများနှင့်အတူ မြန်မာသံရုံး၊ ဝါရှင်တန်မြို့ ပညာရေးတာဝန်ခံအရာရှိ၏ အီးမေးလ်လိပ်စာ admin@mewashingtondc.org သို့ ၁၃-၉-၂၀၂၂ ရက်နေ့ နောက်ဆုံးထားပေးပို့ လျှောက်ထား နိုင်ပါရန် မေတ္တာရပ်ခံအကြောင်းကြားအပ်ပါသည်-

(က) သင်တန်းဝင်ခွင့် လျှောက်လွှာ (ပူးတွဲ)

(ခ) ကျောင်းသား၊ ကျောင်းသူနှင့် အုပ်ထိန်းသူတို့၏ သက်တမ်းရှိ မြန်မာနိုင်ငံကူး လက်မှတ်မိတ္တူ၊ ဗီဇာအမျိုးအစားအလိုက် နေထိုင်ခွင့်သက်တမ်းပါရှိသည့် စာမျက်နှာမိတ္တူ (သို့မဟုတ်) သက်ဆိုင်ရာနိုင်ငံအလိုက် နေထိုင်မှုကာလအတွက် ပေးအပ်ထားသည့် ကတ်အထောက်အထားတစ်စုံတစ်ရာရှိပါက (ဥပမာ- work permit, student pass) မိတ္တူ၊

(ဂ) အကယ်၍ အုပ်ထိန်းသူမရှိဘဲ ကိုယ်တိုင်အလုပ်လုပ်ကိုင်၍ဖြစ်စေ၊ ကျောင်းတက် ရောက်နေခြင်းကြောင့်ဖြစ်စေ ရောက်ရှိနေခြင်းဖြစ်ပါက မည်သည့်အတွက် ကြောင့် ရောက်ရှိနေကြောင်း စသည့်အချက်အလက်များကို ထည့်သွင်းပူးတွဲ ဖော်ပြရန်။

(ဃ) ဓါတ်ပုံ (၂)ပုံ ( ၆ လအတွင်း ရိုက်ကူးထားသော ၁ လက်မခွဲ ၂ လက်မအရွယ် ဓါတ်ပုံ)

၄။ အခြားသိလိုသည်များရှိပါက ပညာရေးတာဝန်ခံ၊ မြန်မာသံရုံး၊ ဝါရှင်တန်မြို့၊ ဖုန်းအမှတ် (၂၀၂-၃၃၂ ၃၃၄၄) သို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

EMBASSY OF THE REPUBLIC OF THE UNION OF MYANMAR
WASHINGTON

**မြန်မာသံရုံး၊ ဝါရှင်တန်မြို့**
**ရက်စွဲ၊ ၂၀၂၂ ခုနှစ် စက်တင်ဘာလ ၇ ရက်**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

နိုင်ငံခြားရောက်မြန်မာနိုင်ငံသားကလေးများအတွက်
၂၀၂၂-၂၀၂၃ ပညာသင်နှစ် ကျောင်းဝင်ခွင့်လျှောက်လွှာ

ကျောင်းသားအမည်__________။ ကျား/မ _____။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် __________။ နိုင်ငံကူးလက်မှတ်အမှတ် __________။ မွေးသက္ကရာဇ် __________။

ဖြေဆိုလိုသော စာစစ်ဌာန(နိုင်ငံ) __________။ ကျောင်းသားသစ်/ဟောင်း _______။

အောင်မြင်/ကျရှုံးခဲ့သောအတန်း __________။ စာမေးပွဲခုံအမှတ် __________။ ခုနှစ် _______။

တက်ရောက်သင်ကြားလိုသောအတန်း__________။ ဘာသာတွဲ (သင်ရိုးသစ် ဒသမတန်း Grade-10၊ သင်ရိုးသစ် ကောဒသမတန်း Grade-11 နှင့် သင်ရိုးဟောင်း ဒသမတန်း Grade-11 များ အတွက်သာ) __________________________________________။

အဘအမည် __________။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် __________။

ရာထူး/ဌာန __________________________________________။

အမိအမည် __________။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် __________။

ရာထူး/ဌာန __________________________________________။

အုပ်ထိန်းသူအမည် __________။ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် __________။

ရာထူး/ဌာန __________________________________________။ တော်စပ်ပုံ __________။

နိုင်ငံခြားနေရပ်လိပ်စာအပြည့်အစုံ __________________________________________
__________________________________________။

အီးမေးလ်လိပ်စာ __________________________________________။

မြန်မာနိုင်ငံရှိအမြဲတမ်းနေရပ်လိပ်စာ အပြည့်အစုံ __________________________________________
__________________________________________။

ကျောင်းသားသစ်ဖြစ်လျှင်-

၁။ ကျောင်းပြောင်းလက်မှတ် အမှတ် __________________________________________။

၂။ ပြောင်းရွှေ့လာသည့်ကျောင်း __________________။ မြို့/နိုင်ငံ __________။

၃။ ကျောင်းပြောင်းလက်မှတ်မူရင်းပူးတွဲတင်ပြရမည်။

၄။ သူငယ်တန်း ကျောင်းသား၊ကျောင်းသူများသည် မွေးစာရင်းလက်မှတ် (Birth Certificate) မိတ္တူ တင်ပြရမည်။ (သို့မဟုတ်) ပူးတွဲဖော်ပြပါ ပုံစံ(က) အတိုင်း ဖြည့်စွက်ပြီး တစ်ပါတည်း တင်ပြရမည်။

မိဘအုပ်ထိန်းသူနှင့် ကျောင်းသား၊ကျောင်းသူ၏ဝန်ခံချက်

၁။ ကျောင်းသား၊ကျောင်းသူများအနေဖြင့် ကျောင်းသား၊ကျောင်းသူပီပီ ပညာသင်ကြားသောအလုပ်ကို ငြိမ်းချမ်းအေးဆေးစွာဖြင့် လိုလိုလားလား ကြိုးစားအားထုတ် သင်ကြားစေပါမည်။

ကျောင်းသား/သူလက်မှတ် __________ မိဘအုပ်ထိန်းသူလက်မှတ် __________

အမည် __________ အမည် __________

ရက်စွဲ၊ ၂၀၂၂ ခုနှစ်၊ လ၊ ( ) ရက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

# တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ဆောင်ရွက်မည့်အစီအစဉ်

၁။ တက္ကသိုလ်ဝင်စာမေးပွဲ ကျရှုံးသူများနှင့် အကြောင်းအမျိုးမျိုးကြောင့် ဝင်ရောက်ဖြေဆိုခြင်း မရှိသော ကျောင်းသား၊ ကျောင်းသူများ အတွက် စနစ်ဟောင်း၊ သင်ရိုးဟောင်း တက္ကသိုလ်ဝင်စာမေးပွဲကို နောက်ဆုံးအကြိမ်အဖြစ် ၂၀၂၃ ခုနှစ်တွင် ကျင်းပသွားမည် ဖြစ်ပါသည်။

၂။ ၂၀၂၃ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့်လျှောက်လွှာများကို ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ (၁)ရက်နေ့မှ (၃၀)ရက်နေ့အတွင်း လျှောက်ထားရမည်ဖြစ်ပြီး တစ်ဦးလျှင် ပညာရေးဝန်ကြီးဌာန ငွေသွင်းတံဆိပ်ခေါင်း (၇၀ဝိ/-) နှင့် လျှောက်လွှာတစ်စောင် (၂၀ဝိ/-) စုစုပေါင်း (၉၀ဝိ/-) ကျသင့်ပါမည်။

၃။ စာမေးပွဲဝင်ခွင့် လျှောက်လွှာတင်သွင်းရာ၌ ဘာသာတွဲ အမှတ်စဉ် (၁)၊(၅)၊(၆)၊(၇)၊(၈) များဖြင့် ဖြေဆိုမည့်သူများအတွက် အစိမ်းရောင် ဝင်ခွင့်လျှောက်လွှာနှင့် ကတ်ပြားပုံစံဖြင့် လည်းကောင်း၊ ဘာသာတွဲ အမှတ်စဉ် (၂)၊(၃)၊(၄) များဖြင့် ဖြေဆိုမည့်သူများအတွက် ပန်းရောင် ဝင်ခွင့်လျှောက်လွှာနှင့် ကတ်ပြားပုံစံဖြင့် တင်သွင်းရန် အရောင်နှစ်မျိုး ခွဲခြားသတ်မှတ်ထားပါသည်။

၄။ အခြေခံပညာအထက်တန်းကျောင်းများ၊ ကျောင်းခွဲများ၊ တွဲဖက်ကျောင်းများနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းများမှ ဖြေဆိုရန် လျှောက်လွှာတင်သွင်းမည့် ကျောင်းသား၊ ကျောင်းသူများ၏ စာမေးပွဲဝင်ကြေးအတွက် ကျောင်းအုပ်ကြီးများသည် စာမေးပွဲဝင်ကြေး (၇၀ဝိ/-)ကျပ်တန် ငွေသွင်းတံဆိပ်ခေါင်းများ ဝယ်ယူပြီး၊ လျှောက်လွှာတစ်စောင်ချင်းတွင်ကပ်၍ စုပေါင်းပြီး မြန်မာနိုင်ငံစာစစ်ဦးစီးဌာနသို့ သတ်မှတ်ရက်အမီ တင်သွင်းကြရမည် ဖြစ်ပါသည်။

၅။ ပြင်ပဖြေဆိုရန် လျှောက်လွှာတင်သွင်းသူများသည် သက်ဆိုင်ရာမြို့နယ်ပညာရေးမှူးရုံးများတွင် စာမေးပွဲဝင်ကြေး (၇၀ဝိ/-) ကျပ်တန် ငွေသွင်းတံဆိပ်ခေါင်းများ ဝယ်ယူပြီး ဝင်ခွင့်လျှောက်လွှာ၏ လက်ဝဲဘက်ထိပ်ပိုင်းတွင်ကပ်၍ မိမိတို့ အမှန်တကယ်နေထိုင်သည့် မြို့နယ်ပညာရေးမှူးရုံးတွင် သတ်မှတ်ရက်များအတွင်း တင်သွင်းကြရမည် ဖြစ်ပါသည်။

၆။ စာဖြေသူ ကျောင်းသား၊ ကျောင်းသူများသည် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုခွင့်လျှောက်လွှာပုံစံတွင် မိဘအမည်၊ မွေးသက္ကရာဇ်များ ကို ကျောင်းဝင်(ခ)စာရင်းအတိုင်း မှန်ကန်စွာဖြည့်စွက်ရေးသွင်းရန် လိုအပ်ပါမည်။

၇။ စာဖြေသူတင်သွင်းသည့် စာမေးပွဲဝင်ခွင့် လျှောက်လွှာနှင့် ကတ်ပြားတွင် ဖော်ပြပါရှိသည့် ဘာသာတွဲမှအပ အခြားဘာသာတွဲသို့ ပြောင်းလဲဖြေဆိုခွင့်ပြုမည် မဟုတ်သဖြင့် မိမိဖြေဆိုမည့် ဘာသာတွဲအလိုက် ပုံစံများ မှန်ကန်မှု ရှိ-မရှိ သေချာစွာ စစ်ဆေးပြီး သတ်မှတ်ရက်များအတွင်း အချိန်မီပေးပို့ရန် ဖြစ်ပါသည်။

၈။ လျှောက်လွှာပုံစံများနှင့် ငွေသွင်းတံဆိပ်ခေါင်းများကို နေပြည်တော်၊ ရုံးအမှတ်(၅၂)၊ မြန်မာနိုင်ငံစာစစ်ဦးစီးဌာန (ရုံးချုပ်)နှင့် မြန်မာနိုင်ငံ စာစစ်ဦးစီးဌာန၊ ပါရမီလမ်း၊ (၁၂)ရပ်ကွက်၊ လှိုင်မြို့နယ်၊ လှိုင်တက္ကသိုလ်နယ်မြေ၊ ရန်ကုန်မြို့တို့တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

**မြန်မာနိုင်ငံစာစစ်ဦးစီးဌာန**